မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်းကထူထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်၊ ၂၀၁၁ ခုနှစ်၊ မေ ၂၀ ရက်၊ သောကြာနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၂၇)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်	စီးပွားရေး ဦးတည်ချက် (၄) ရပ်	လူမှုရေး ဦးတည်ချက် (၄) ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အောင်နိုင်မှုဆုတံဆိပ်များ ဆွတ်ခူးပေးခြင်းဖြင့် နိုင်ငံတော်၊ ပြည်သူနှင့် ချီးမြှောက်ကြသူများအား ကျေးဇူးတုံ့ပြန်

နေပြည်တော် မေ ၁၉

ဂုဏ်ပြုချီးမြှင့်ထိုက်သူကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် မင်္ဂလာတစ်ပါးဖြစ်ကြောင်း၊ နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်နိုင်ဆုများ ဆွတ်ခူးနိုင်ခြင်းသည် နိုင်ငံနှင့် လူမျိုးအတွက် ဂုဏ်သိက္ခာအဆင့်အတန်း မြှင့်တင်ပေးခြင်းပင်ဖြစ်ကြောင်း၊ ယခုချီးမြှင့်ခံရသည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားမောင်မယ်များအနေဖြင့်လည်း ယနေ့ဂုဏ်ပြုချီးမြှင့်ခြင်းသည် နောင်အနာဂတ်ကာလပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရန် အားသစ်လောင်းပေးခြင်းဖြစ်သည်ဟု ခံယူပြီး ထိုက်တန်သည့် နိုင်ငံတကာ အားကစားအောင်နိုင်မှုဆုတံဆိပ်များ ဆက်လက်ရယူ ဆွတ်ခူးပေးခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူများ၊ အားကစားဝါသနာရှင်များ၊ အားကစားကို ချီးမြှောက်နေသူများ၏ အားပေးချီးမြှင့်မှု ကျေးဇူးတရားကို ပြန်လည်တုံ့ပြန်ကြရန်လိုကြောင်းဖြင့် မေ ၁၈ ရက် ည ၇ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် အားကစားကလောင်ရှင်များအဖွဲ့ချုပ်တို့က ပူးပေါင်းကျင်းပသည့် ၂၀၁၀ ခုနှစ်အတွက် အကောင်းဆုံးအားကစားသမားဆု ချီးမြှင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဂုဏ်ပြုခံအားကစားသမားများအား တိုက်တွန်းပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ◆

မြစ်ဝကျွန်းပေါ်ဒေသအတွင်း ဒီရေတောများကို ဤသို့ ပြန်လည်တည်ထောင် ပြုစုထိန်းသိမ်းလျက်ရှိသည်မှာ····။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ဒီရေတောများ ပြန်လည်တည်ထောင် ပြုစုပျိုးထောင်လျက်ရှိ

နေပြည်တော် မေ ၁၉

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ
မောင်မောင်ထွေး(သတင်းစဉ်)

နာဂစ်အလွန် သုံးနှစ်ပြည့်ပြီး ရက်ပိုင်းအတွင်းမှာပဲ မြစ်ဝကျွန်းပေါ်ရှိ ဒီရေတောများကို သွားရောက်လေ့လာရန်အတွက် ဘိုကလေးနဲ့ လပွတ္တာမြို့များသို့ ခရီးဆန့်ဖြစ်ခဲ့ပါတယ်။

ပြန်လည်ထူထောင်ရေးနဲ့ တည်ဆောက်ရေးလုပ်ငန်းတွေကို စနစ်တကျ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှုကြောင့် မြို့ရွာတွေ ယခင်ကထက် သာလွန်စွာ ပြန်လည်နိုးထလာကြပေမယ့် ရေရှည်ဆောင်ရွက်ရမယ့် စီမံကိန်းကြီးတစ်ခုကတော့ ရှိနေဆဲပါပဲ။

ဒီစီမံကိန်းကတော့ ဧရာဝတီတည်သရွေ့ ဆက်လက်ဆောင်ရွက်သွားရမယ့် ဒီရေတောများ ထိန်းသိမ်းကာကွယ်ခြင်းနဲ့ ပြုစုပျိုးထောင်ခြင်းလုပ်ငန်းပဲ ဖြစ်ပါတယ်။

လက်ဆောင်မွန်

ဒီရေတောတွေဟာ သဘာဝကပေးထားတဲ့ တန်ဖိုးကြီးလက်ဆောင်မွန်တစ်ခုပါ။ တန်ဖိုးကြီးမားတဲ့အလျောက် ပေးစွမ်းနိုင်တဲ့ အကျိုးကျေးဇူးကလည်း မနည်းလှပါဘူး။ နာဂစ်မုန်တိုင်းကြီးတိုက်ခတ်စဉ်က ငွေးချောင်း၊ မပွေးတန်း၊ သရော်ချောင်းကျေးရွာတွေက ရေဘေးဒုက္ခသည် ၈၅ ရာခိုင်နှုန်းခန့်ဟာ ကဒုံကနိကြိုးဝိုင်းအတွင်းမှာ စိုက်ပျိုးထားတဲ့ သမဲ့အပင်ကြီးတွေကို တွယ်ဖက်နိုင်ခဲ့လို့ အသက်ရှင်ကျန်ရစ်ခဲ့ကြတယ်ဗျ။ အခြားကျေးရွာများက မျောပါသူအများစုလည်း ဖြုံးမွေးကျွန်း၊ မိန်းမလှကျွန်းက ဒီရေတောပင်များကြားမှာ အသက်ရှင်ကျန်ခဲ့ကြသေးတယ်။ မိန်းမလှကျွန်းအနောက်ဘက်က ကျေးရွာတွေဆိုလည်း ဒီရေတောတွေရဲ့ ကျေးဇူးကြောင့် သက်သာရာရရှိခဲ့ကြပြန်ပါတယ်။

သာဓကရှိ

၂၀၀၄ ခုနှစ်မှာ အိန္ဒိယသမုဒ္ဒရာအတွင်းက ငလျင်ကြီးကြောင့် ဖြစ်ပေါ်ခဲ့တဲ့ ဆူနာမီရေလှိုင်းကြီးရိုက်ခတ်စဉ်ကလည်း ငလျင်ဗဟိုချက်နဲ့ မဝေးကွာလှတဲ့ မြန်မာနိုင်ငံကမ်းရိုးတန်းဒေသများဟာ ဒီရေတောများ အကာအကွယ်ကြောင့် ထိခိုက်ပျက်စီးမှု အံ့သြဖွယ် နည်းပါးခဲ့ပြီး အလွန်ဝေးကွာလှတဲ့ အာဖရိကတိုက် ဆိုမာလီကမ်းခြေက လူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေ များစွာပျက်စီးခဲ့ရတဲ့ သာဓကလည်းရှိပါသေးတယ်။

စာမျက်နှာ ၉ ကော်လံ ၁ ❖

ဘိုကလေးမြို့နယ် ကဒုံကနိကြိုးဝိုင်း အကွက်အမှတ် (၄၉)ရှိ ဖြုံးမွေးကျွန်းပျိုးဥယျာဉ်အတွင်း သမဲ့ကြီး၊ ဖြူးရွှေဝါ၊ မဒမ၊ ရေခယား၊ သရော၊ လမု၊ ကန့်ပလာစသည့် ဒီရေရောက်ပျိုးပင်ပေါင်း ၂၂ သိန်းကျော်ကို ဤသို့ပျိုးထောင်ထားသည်မှာ····။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် မေ ၂၀ ရက်)

လယ်ယာထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းစွမ်းဆောင်

နိုင်ငံတော်၏ စီးပွားရေးကို ဈေးကွက်စီးပွားရေးစနစ်ဖြင့် ဖော်ဆောင်လျက်ရှိရာ နိုင်ငံတော်နှင့်အတူ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုန်သည်များသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မိမိတို့ ကျရာအခန်းကဏ္ဍမှ တက်ညီလက်ညီ ပါဝင်အကောင်အထည်ဖော်လျက်ရှိသည်။

ခေတ်အဆက်ဆက် မြန်မာ့စီးပွားရေးသည် ဆန်စပါးတစ်ခုတည်းပေါ်တွင် အားထားခဲ့ရာ ယနေ့အချိန်တွင် နိုင်ငံတော်အစိုးရ၏ အားပေးမှု၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ကြိုးစားအားထုတ်မှုများကြောင့် လယ်ယာကဏ္ဍတွင် ဆန်စပါးအပြင် ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ရော်ဘာ စသည်များကို တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးချဲ့ စိုက်ပျိုးလုပ်ကိုင်လာနိုင်ခဲ့သည်။

စိုက်ပျိုးရေးကဏ္ဍ တိုးတက်ရန်အတွက် အဓိကကျသော စိုက်ပျိုးရေလုံလောက်စွာ ရရှိနိုင်ရန် ဆည်တမံများ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေး စီမံကိန်းများ၊ စက်ရေတွင်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ နိုင်ငံနှင့်အဝန်း ရေလိုအပ်သော နေရာများတွင် ရာသီမရွေး သီးနှံစိုက်ပျိုးနိုင်ရန် ဆည်တမံများနှင့် မြစ်ရေတင်စီမံကိန်းများကို တည်ဆောက်ပေးထားသဖြင့် တောင်သူများသည် နွေစပါး၊ မိုးစပါး စသည်တို့ဖြင့် အခြားသီးနှံများအပါအဝင် တစ်သီးစား၊ နှစ်သီးစားမှသည် သုံးသီးစားအထိ စိုက်ပျိုးထုတ်လုပ်လာနိုင်ခဲ့ကြပြီဖြစ်သည်။

တောင်သူများ၏ လိုအပ်ချက်ဖြစ်သော နည်းပညာများ၊ မျိုးကောင်းမျိုးသန့်များ၊ ရင်းနှီးငွေများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကူညီပံ့ပိုးပေးလျက်ရှိသည်။ စိုက်ပျိုးသီးနှံနှင့် ထုတ်ကုန်များ အထွက်ကောင်းရေးအတွက် မျိုးကောင်းမျိုးသန့်များအသုံးပြုရန်၊ ခေတ်မီသိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ အသုံးပြုရန်၊ ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာများကို အချိန်ကိုက်၊ အချိုးကျအသုံးပြုရန်၊ အပင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ အလေအလွင့် ဆုံးရှုံးမှုနည်းပါးအောင် ဆောင်ရွက်ရန်နှင့် ထွက်ရှိလာသည့် သီးနှံများအပေါ် တွက်ခြေကိုက်ပြီး ဈေးကွက်ခိုင်မာရန် ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရက လိုအပ်သည်များကို ပံ့ပိုးကူညီပေးလျက်ရှိရာ စိုက်ပျိုးထုတ်လုပ်သူများအပိုင်းကလည်း လယ်ယာထုတ်ကုန်ပစ္စည်းများ ပိုမိုထွက်ရှိရေးအတွက် ကြိုးပမ်းစွမ်းဆောင်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ဝက်များတွင်ဖြစ်ပွားတတ်သော ရောဂါများအကြောင်း
ပဲခူးမြို့နယ်၌ ပညာပေးဟောပြော

ပဲခူး မေ ၁၉

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ဝက်များတွင်ဖြစ်ပွားသော ရောဂါများနှင့်ပတ်သက်သည့် ပညာပေးဟောပြောပွဲကို ပဲခူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဧပြီ ၂၉ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန အစိုးရအဖွဲ့ဝန်ကြီး ဦးတင်စိုး**(အပေါ်ပုံ)**၊ ပဲခူးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာ အောင်သန်းဝင်းနှင့် ပဲခူးခရိုင် အုပ်ချုပ်ရေးမှူး ဦးဝေဇင်ထွန်းတို့ အမှာစကားပြောကြားသည်။

ပြန်လည်မေးမြန်း

ယင်းနောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန သုတေသနနှင့် ရောဂါထိန်းချုပ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာကျော်ဆန်းက ဝက်ရောဂါများနှင့် ပတ်သက်၍ ပညာရပ်ဆိုင်ရာများကိုလည်းကောင်း၊ သုတေသနနှင့် ရောဂါရှာဖွေရေးဌာနစုမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမောင်မောင်ကြင်က ရောဂါရှာဖွေထိန်းချုပ်ရေးဆိုင်ရာများကိုလည်းကောင်း ပညာပေးဟောပြောခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာသူများက သိလိုသည်များကို ပြန်လည်ဆွေးနွေးမေးမြန်းခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြို့ရေပေးရေးလုပ်ငန်း လှိုင်လင်မြို့၌ ဆောင်ရွက်

လှိုင်လင် မေ ၁၉

လှိုင်လင်မြို့ အမှတ်(၁)ရပ်ကွက် စိန်တောင်လမ်းတွင် မေ ၈ ရက်က မြို့ရေပေးရေးလုပ်ငန်းဖြစ်သည့် နှစ်လက်မပိုက် ပေ ၂၀၀၀ ကို ကိုယ့်အားကိုယ်ကိုး ရေသွယ်တန်းမှုနှင့် ရေမီတာတပ်ဆင်အသုံးပြုမှုကို အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦး ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၁၁)အခမ်းအနား
မော်လမြိုင်မြို့ ပြည်နယ်ဆေးရုံကြီး၌ ကျင်းပ

နေပြည်တော် မေ ၁၉

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်သည် ပြည်နယ်ဝန်ကြီးများလိုက်ပါလျက် မေ ၁၄ရက် နံနက် ၈နာရီက မော်လမြိုင်မြို့ ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ကျင်းပသည့် ပြည်နယ်အဆင့်ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ(၂၀၁၁) အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး အထွေထွေရောဂါကုဆေးရုံကြီးစုရပ်တွင် အသက်ငါးနှစ်အောက်ကလေး ၅၄ဦး၊ မွန်ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံးစုရပ်တွင် ကလေး ၃၀၊ ရွှေမြိုင်သီရိစုရပ်တွင် ကလေး ၃၀၊ လှိုင်ရပ်ကွက်စုရပ်တွင် ကလေး ၃၀ နှင့် မြေနီကုန်းစုရပ်တွင် ကလေး ၃၀တို့အား ပိုလီယိုဆေးများတိုက်ကျွေးခဲ့သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ညနေပိုင်းတွင် မုဒုံမြို့နယ်သို့ရောက်ရှိပြီး ကုလားတူးမြောင်း ဖော်ထုတ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေး၍ ရေသွင်း/ရေနုတ်မြောင်း ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအမြန်ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။ ထို့နောက် ဘဲရမ်းကျေးရွာ အဆင့်မြင့်လယ်ယာမြေဧက ၅၀၀ ထွန်ယက်ပြီးစီးမှုကိုလည်းကောင်း၊ မုဒုံဘူတာ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ပြီးစီးမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အလုံမြို့နယ် နှင်းဆီလမ်း အမှတ်(၆၃)နေ ဦးဟန်မိုးမြင့်၊ ဦးမျိုးမြင့်အောင်တို့က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်ခြောက်သိန်း လှူဒါန်းရာ ဒေါက်တာဦးလှမြင့်အောင်နှင့် အုပ်ချုပ်ရေးမှူး ဦးပြုံးတို့ လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

အမှိုက်များဆယ်ယူ

မေ ၂ ရက်က မိတ္ထီလာမြို့နယ် မြို့မဈေးကြီး၊ ဗဟိုဈေး၊ ပိတောက်မြိုင်ဈေးများ၌ အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်လျက် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ဈေးသူ၊ ဈေးသားများပူးပေါင်း၍ ရေမြောင်းများအတွင်း အမှိုက်များ ဆယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

လာရောက်တွေ့ဆုံ

ပြန်ကြားရေး ဝန်ကြီးဌာန နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်ဆန်း အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ရုပ်မြင်သံကြားဌာန ဥက္ကဋ္ဌ Mr. Zhao Shuqing ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ရုပ်မြင်သံကြားဌာန ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံ နှစ်နိုင်ငံရုပ်ရှင်နှင့် ဇာတ်လမ်းတွဲများ ပူးပေါင်းရိုက်ကူးထုတ်လုပ်ရေး ရင်းနှီးစွာဆွေးနွေး

နေပြည်တော် မေ ၁၉

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ရုပ်မြင်သံကြားဌာန ဥက္ကဋ္ဌ Mr. Zhao Shuqing ဦးဆောင်သောအဖွဲ့သည် မေ ၁၈ ရက် ညနေ ၄ နာရီ မိနစ် ၂၀ တွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ယူနန်ပြည်နယ် ရုပ်မြင်သံကြားဌာနတို့အကြား ရုပ်မြင်သံကြားဆိုင်ရာ Program များ အပြန်အလှန်ဖလှယ်ရေး၊ သတင်းနှင့် မီဒီယာကဏ္ဍပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံ ရုပ်ရှင်နှင့်ဇာတ်လမ်းတွဲများ ပူးပေါင်းရိုက်ကူးထုတ်လုပ်ရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ရှေ့ဖုံးမှ

ယင်းနောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ၂၀၁၀ခုနှစ်အတွက် အကောင်းဆုံး အမျိုးသား အားကစားသမားဆုရ မောင်စည်သူလင်း (ပိုက်ကျော်ခြင်း)၊ အကောင်းဆုံး အမျိုးသမီးအားကစား သမားဆုရ မမေဇင်ဖြိုး (ပိုက်ကျော်ခြင်း)၊ အကောင်းဆုံးနည်းပြဆုရ ဦးသန်းလွင်(ပိုက်ကျော်ခြင်း)၊ အအောင်မြင်ဆုံး အားကစားနည်းဆုရ ပိုက်ကျော်ခြင်း အားကစားနည်းနှင့် အအောင်မြင်ဆုံး အားကစားကလပ်အသင်းဆုရ ရတနာပုံ F.C ဘောလုံးကလပ်အသင်းတို့အား ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ အိုလံပစ်ကော်မတီမှ ချီးမြှင့်သည့် ငွေသားဆု၊ ဆုတံဆိပ်နှင့် ဆုဖလားများကို လည်းကောင်း၊ မြန်မာနိုင်ငံ အားကစားကလောင်ရှင်များ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက အဖွဲ့ချုပ်မှ ချီးမြှင့်သည့် ငွေသားဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်သို့ နေပြည်တော် F.C ဘောလုံးကလပ်အသင်း၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်း အားကစားအဖွဲ့ချုပ်၊ ရတနာပုံ F.C ဘောလုံးကလပ်အသင်း၊ ဂျာနယ်တိုက်များနှင့် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဆုရရှိကြသူများ ကိုယ်စား အကောင်းဆုံး အမျိုးသား အားကစားသမားဆုရ မောင်စည်သူလင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အကြံပြုချက်များလက်ခံ

ညစာစားပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်မှ ဝါရင့်အားကစားကလောင်ရှင်များနှင့်တွေ့ဆုံ၍ မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်မှုအတွက် အင်တာနက်ပေါ်တွင် Website တစ်ခု လွှင့်တင်ထားကြောင်း၊ အကြံပြုချက်ကောင်းများ ပေးပို့နိုင်ပါကြောင်း၊ မြန်မာ့အားကစားအောင်မြင်ရေးအတွက် အားကစားအဖွဲ့ချုပ်များနှင့် လက်တွေ့ကျကျ ပူးပေါင်းကာ ရေတို/ရေရှည် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဝါရင့်အားကစား ကလောင်ရှင်များနှင့်လည်း မကြာခဏတွေ့ဆုံ၍ အကြံပြုချက်များ လက်ခံရယူသွားမည်ဖြစ်ကြောင်း ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထပ်မံချီးမြှင့်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အာရှမသန်စွမ်းသူများ အားကစားပြိုင်ပွဲ ရေကူးပြိုင်ပွဲတွင် တတိယရရှိခဲ့သော မောင်နိုင်စစ်အောင် (မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်)အား အထူးဂုဏ်ပြုဆုငွေ ထပ်မံချီးမြှင့်သည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ၂၀၁၀ ခုနှစ်အတွက် အကောင်းဆုံး အမျိုးသားအားကစားသမားဆုရ မောင်စည်သူလင်း(ပိုက်ကျော်ခြင်း) အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၀-၅-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိ ပါဠိတော်
- ၇:၂၀ ၂။ နံနက်ခင်းသတင်း
- ၇:၄၀ ၃။ အဂ္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇:၅၀ ၄။ သံသာချို့အေးမင်္ဂလာတေး
- ၈:၀၀ ၅။ သက်ရှည်ကျန်းမာ လေ့ကျင့်ပါ
- ၈:၁၀ ၆။ ကြေးမုံရိပ်သွင်တေးနှယ်ဉ်
- ၈:၂၀ ၇။ အတီးပြိုင်ပွဲ
- ၈:၃၀ ၈။ **သတိတစ်ချက် တစ်သက်အမှား**
- ၈:၄၀ ၉။ **International News**
- ၈:၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ အကပြိုင်ပွဲ
- ၄:၃၀ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄:၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(အင်္ဂလိပ်စာမှလွဲ၍ အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
- ၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၅:၁၀ ၈။ မြန်မာစာ၊ မြန်မာစကား
- ၅:၂၅ ၉။ **နိုင်ငံတကာ နျူကလီးယား စွမ်းအင်များ**
- ၅:၃၅ ၁၀။ ရိုးသားဖြူစင် ကလေးတို့အသွင်
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၃။ ရသစုံလင် အင်တာနက်ဥယျာဉ်
- ၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နယ်နိမိတ်** (ဒုတိယတွဲ) (အပိုင်း-၃၄)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **လျှပ်တစ်ပြက်ဟာသများ**
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ထူးခြားသောမိသားစု** (အပိုင်း-၁၈)
- ၂၀။ သီချင်းချစ်သူ
- ၂၁။ အစီအစဉ်ပြီး၏။

မူလတန်းကြိုကျောင်း ဒလမြို့နယ်၌ဖွင့်

ရန်ကုန် မေ ၁၉

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ဒလမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မူလတန်းကြိုကျောင်းဖွင့်ပွဲကို ဒလမြို့နယ် ကမာကသွယ်ရပ်ကွက် ကျန်စစ်သားလမ်းမပေါ်၌ မေ ၁၃ ရက် နံနက် ၉ နာရီက ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဥမ္မာနေထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် အလှူရှင် ဦးအေးထွန်းကိုယ်စား ဦးအောင်မိုးလှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

လှူဒါန်းခဲ့

အဆိုပါ မူလတန်းကြိုကျောင်းမှာ အလျား ပေ ၃၀၊ အနံ ပေ ၂၀ အကျယ် တစ်ထပ်တိုက်ဖြစ်ပြီး အလှူရှင် ဦးအေးထွန်း-ဒေါ်သန္တာ မိသားစုက လှူဒါန်းခဲ့ခြင်းဖြစ်ကာ စုစုပေါင်း ကျပ်သိန်း ၁၂၀ ကုန်ကျခဲ့ကြောင်း သိရှိရသည်။**(မြန်မာ့အလင်း)**

နိုင်ငံတကာသတင်းများ

တာလီဘန်တို့၏ ချုံခိုတိုက်ခိုက်မှု အာဖဂန်လမ်းလုပ်သား ၁၅ ဦးသေဆုံး

ကဘူးလ် မေ ၁၉

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း၌ မေ ၁၈ ရက်က တာလီဘန်တို့၏ ချုံခိုတိုက်ခိုက်မှုကြောင့် လမ်းဆောက်လုပ်ရေးလုပ်သား အနည်းဆုံး ၁၅ ဦး သေဆုံးပြီး လူ ၂၀ ဒဏ်ရာရ(**အပေါ်ပုံ**)ခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

သေဆုံးခဲ့ရ

မေ ၁၈ ရက် ညပိုင်းက ဖြစ်ပွားခဲ့သည့် ယင်းတိုက်ခိုက်မှုတွင် အစောင့်တပ်ဖွဲ့ဝင်များ၏ ပြန်လည်ခုခံပစ်ခတ်မှုကြောင့် တာလီဘန်ရှစ်ဦးလည်း သေဆုံးခဲ့ရကြောင်း ပတ္တီကာပြည်နယ် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုမှာ ပတ္တီကာပြည်နယ်နှင့် ခို့စ်ပြည်နယ်တို့အကြား ဆက်သွယ်ထားသော တောင်ကုန်းတောင်တန်းများ ထူထပ်ရာဒေသ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယင်းဖြစ်ပွားမှုမှာ မကြာသေးမီက တာလီဘန်တို့အနေဖြင့် ထိုးစစ်ဆင်တိုက်ခိုက်မှုများ ဆက်တိုက်ပြုလုပ်သွားမည်ဟု ကြေညာခဲ့ပြီးနောက် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

တာလီဘန်အဖွဲ့တစ်ဖွဲ့သည် ပတ္တီကာပြည်နယ်၌ လမ်းဆောက်လုပ်ရေးကုမ္ပဏီတစ်ခုကို တိုက်ခိုက်ခဲ့ကြောင်း ပြည်နယ် ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ရိုဟူးလ်လာဆာမွန်းက အေအက်ဖ်ပီသို့ ပြောကြားသည်။

ကုမ္ပဏီအစောင့်တပ်ဖွဲ့ဝင်များနှင့် တာလီဘန်တိုက်ခိုက်ရေးသမားများအကြား ဖြစ်ပွားခဲ့သော ယင်းတိုက်ပွဲသည် အချိန်နှစ်နာရီကြာခဲ့သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ **အမ်အင်န်အေ၊အေအက်ဖ်ပီ**

ကန်သမ္မတအိုဘားမားစီးလေယာဉ် ရာသီဥတုဆိုးရွား၍ ခက်ခဲစွာဆင်းသက်ခဲ့ရ

ကွန်နက်တီကတ် မေ ၁၉

အမေရိကန်သမ္မတ ဘားရက်အိုဘားမား စီးနင်းလိုက်ပါလာသည့် လေယာဉ်သည် မေ ၁၈ ရက်က ရာသီဥတုဆိုးရွားလာသဖြင့် ကွန်နက်တီကတ် ပြည်နယ်လေဆိပ်သို့ ခက်ခဲစွာ ဆင်းသက်ခဲ့ရကြောင်း လေကြောင်းတာဝန်ရှိသူများက ပြောကြားသည်။ **(ယာပုံ)**

အဆိုပါလေယာဉ်ကို မောင်းသည့် လေယာဉ်မှူးသည် နံနက် ၉ နာရီ မိနစ် ၅၀ တွင် မြေပြင်သို့ ဆင်းသက်ရန်ဖြစ်သော်လည်း ရာသီဥတုဆိုးရွားနေ၍ ကောင်းစွာမြင်နိုင်စွမ်းအား မရှိတော့သဖြင့် လေယာဉ်ကို ဝေဟင်၌ ဝဲပျံနေပြီးနောက် နံနက် ၁၀ နာရီ ၅ မိနစ်တွင်မှ ကွန်နက်တီကတ်ပြည်နယ် ဘလက်ဒလေ နိုင်ငံတကာလေဆိပ်သို့ ဆင်းသက်နိုင်ခဲ့ကြောင်း ဖက်ဒရယ်လေကြောင်းအုပ်ချုပ်မှုအဖွဲ့ ပြောရေးဆိုခွင့်ရ အမျိုးသမီးတစ်ဦးဖြစ်သည့် တော်မီဂျုံးစ်က အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားခဲ့သည်။

လေယာဉ်မှူးသည် ရာသီဥတုကြောင့် လေဆိပ်ကို မြင်နိုင်စွမ်းအားနည်းခဲ့သော်လည်း လေယာဉ်မှာ ဘေးမသီရန်မခဘဲ ချောချောမောမော ဆင်းသက်နိုင်ခဲ့ကြောင်း သူမက ပြောကြားသည်။ သမ္မတအိုဘားမားသည် ကမ်းခြေစောင့်တပ်ဖွဲ့သင်တန်းဆင်းပွဲ၌ အမှာစကားပြောကြားရန် လုံခြုံရေးအတွင်းရေးမှူး ဂျာနက်နာပိုလီတာနိုနှင့် တာဝန်ရှိသူများ လိုက်ပါလျက် နယူးယောက်မြို့ မြောက်ပိုင်းမှ ကွန်နက်တီကတ်ပြည်နယ်သို့ ထွက်ခွာလာစဉ် ဤသို့ ဖြစ်ပွားခဲ့ရခြင်း ဖြစ်သည်။ **အမ်အင်န်အေ၊အေအက်ဖ်ပီ**

အာဂျင်တီးနားတောင်ပိုင်းတွင် လေယာဉ်ပျက်ကျ လိုက်ပါခဲ့သူ ၂၂ ဦးစလုံးသေဆုံး

ဗျူနိုအေရိစ် မေ ၁၉

အာဂျင်တီးနားနိုင်ငံတောင်ပိုင်းရှိ ရီရိုနီဂရိုးပြည်နယ်တွင် မေ ၁၈ ရက်က လေယာဉ်ငယ်တစ်စင်းပျက်ကျခဲ့ရာ ယာဉ်ပေါ်လိုက်ပါခဲ့သူ ၂၂ ဦးစလုံး သေဆုံးခဲ့ကြောင်း အဆိုပါလေကြောင်းလိုင်းတာဝန်ရှိသူများက ပြောကြားသည်။

ပျက်ကျခဲ့

ပျက်ကျမှုဖြစ်ခဲ့သည့် လေယာဉ် ဆာ့ဘ်-၃၄၀ တွင် ကလေးငယ်တစ်ဦးအပါအဝင် ခရီးသည် ၁၉ ဦးနှင့် လေယာဉ်အမှုထမ်း သုံးဦးလိုက်ပါခဲ့သည်။ မေ ၁၈ ရက် ညပိုင်းက ကွန်တိုမြို့မှ ကိုမိုဒိုရီမြို့သို့ ပျံသန်းသည့် ခရီးစဉ်တွင် ဒေသစံတော်ချိန် ၉ နာရီ မိနစ် ၅၀ ၌ ပျက်ကျခဲ့ခြင်းဖြစ်သည်။ **(ဝဲပုံ)**

ရာသီဥတုဆိုးရွားမှုဖြင့် ရင်ဆိုင်ရပြီးနောက် လေယာဉ်အင်ဂျင်မှာ ချွတ်ယွင်းခဲ့ကြောင်း၊ လေယာဉ်မှူးသည် လေယာဉ်အရေးပေါ်ဆင်းသက်ရန် ထိန်းချုပ်ရေးတာဝါသို့ ဘေးအန္တရာယ်အချက်ပြ သုံးကြိမ်ပို့ခဲ့ကြောင်း၊ လေယာဉ်ပျံတက်ပြီး မိနစ် ၄၀ တွင် နောက်ဆုံးအချက်ပြသည်ကို တာဝါမှလက်ခံရရှိခဲ့ကြောင်း၊ သို့သော် နောက်ကျခဲ့ကာ လေယာဉ်မှာ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ဒေသတွင်းမီဒီယာများတွင် ဖော်ပြထားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

အာဖဂန်မြောက်ပိုင်းစစ်ဆင်ရေး လက်နက်ကိုင် ၆၀ကျော် ကျဆုံး

ကဘူးလ် မေ ၁၉

အာဖဂန်နစ္စတန်နိုင်ငံ ဖာရတ်ပြည်နယ်အတွင်း မြို့တော်ကဘူးလ်၏ အနောက်မြောက်ဘက် ၄၂၅ ကီလိုမီတာအကွာရှိနယ်မြေတွင် အာဖဂန်နစ္စတန်တပ်ဖွဲ့နှင့် နေတိုးတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ သုံးရက်ကြာ စစ်ဆင်ရေးဆင်နွှဲခဲ့ရာ **(အပေါ်ပုံ)** လက်နက်ကိုင် ၆၀ ကျော်ကို ချေမှုန်းနိုင်ခဲ့ကြောင်း တာဝန်ရှိသူများက မေ ၁၉ ရက်တွင် ပြောကြားသည်။

မေ ၁၃ ရက်မှစတင်သည့် ယင်းစစ်ဆင်ရေးကို ဖာရတ်ပြည်နယ် ကွီဆာခရိုင်အတွင်း ဆင်နွှဲခဲ့ခြင်းဖြစ်ပြီး လက်နက်ကိုင် ၆၀ ကျော်ကို ချေမှုန်းသုတ်သင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံတကာလုံခြုံရေးတပ်ဖွဲ့က ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြထားသည်။

ယခုစစ်ဆင်ရေးအတွင်း လက်နက်ကိုင်များ အသုံးပြုသည့် မော်တော်ဆိုင်ကယ် ၂၃ စီး၊ လောင်ချာ၊ ဒုံးလက်နက်များ၊ စက်သေနတ်များနှင့် ရိုင်ဖယ်သေနတ်များစွာကို ခဲယမ်းများနှင့်အတူ သိမ်းဆည်းရမိခဲ့ကြောင်း အာဖဂန်-နေတိုး ပူးပေါင်းတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။ **(အင်တာနက်)**

မိုးမြင့်လင်းလက် - စုစည်းသည်

အင်ဒိုနီးရှားအရှေ့ပိုင်း၌ အင်အားအသင့်အတင့်ရှိ ငလျင်လှုပ်

ဂျကာတာ မေ ၁၉

အင်ဒိုနီးရှား အရှေ့ပိုင်းဒေသတွင် မေ ၁၉ ရက်က အင်အားရစ်ချ်တာစကေး ၅ ဒသမ ၃ အဆင့်ရှိ ငလျင်လှုပ်ခဲ့ကြောင်း မိုးလေဝသနှင့် ဘူမိတိုင်းတာရေးအေဂျင်စီက သတင်းထုတ်ပြန်သည်။

ဗဟိုပြု

ဆူလာဝေစီအရှေ့တောင်ဘက်ရှိ ဘူဘူမြို့ အရှေ့တောင်ဘက် ၂၁၅ ကီလိုမီတာအကွာ မြေအောက်အနက် ၆၄၆ ကီလိုမီတာ၌ ငလျင်ဗဟိုပြုခဲ့ကြောင်း၊ ငလျင်လှုပ်သည့်အချိန်မှာ ဂျကာတာစံတော်ချိန် မွန်းလွဲ ၁ နာရီ ၃၃ မိနစ်ဖြစ်ကြောင်း ယင်းအေဂျင်စီက ပြောကြားသည်။

ဖော်ပြ

ပျက်စီးဆုံးရှုံးမှုသတင်း မရရှိသေးကြောင်း ဆင်ဟွာက သတင်းဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရန်ရေတပ် ဆိုမာလီပင်လယ်ဓားပြရန် ဖယ်ရှားပေး

တီဟီရန် မေ ၁၉

အာဖရိကတိုက် အရှေ့မြောက်ပိုင်း ဆိုမာလီနိုင်ငံ အရှေ့တောင်ကမ်းလွန်ဒေသ အိန္ဒိယသမုဒ္ဒရာ၌ အီရန်ကုန်တင်သင်္ဘောတစ်စင်းကို ပင်လယ်ဓားပြတိုက်မည့် အန္တရာယ်မှ အီရန်ရေတပ်သင်္ဘောများက ဖယ်ရှားနိုင်ခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

လွတ်မြောက်

အီရန်ကုန်သင်္ဘော အက်တာမှာ အိန္ဒိယသမုဒ္ဒရာအတွင်း မေ ၁၇ ရက်က အမြန်ရေယာဉ်ငယ်ဖြင့် ချဉ်းကပ်လာသော ပင်လယ်ဓားပြများ၏ တိုက်ခိုက်မှုကိုခံရကြောင်း၊ ထိုစဉ် ရေပြင်တွင် ကင်းလှည့်နေသည့် အီရန်ရေတပ်သင်္ဘောများက သိလျှင်သိချင်း သွားရောက်ကူညီခဲ့ရာ ဆိုမာလီပင်လယ်ဓားပြများရန်မှ အီရန်ကုန်တင်သင်္ဘောအက်တာ(**အောက်ပုံ**) လွတ်မြောက်သွားရသည်ဟုဆိုသည်။

အီရန်ရေတပ် မရိန်းတပ်သားများနှင့် ပင်လယ်ဓားပြများ နာရီဝက်ခန့် အပြန်အလှန်ပစ်ခတ်မှုဖြစ်ခဲ့သည်။

ယင်းသို့ တိုက်ခိုက်ရသော်လည်း အီရန်ရေတပ် မရိန်းတပ်ဖွဲ့ဝင်များ တစ်စုံတစ်ရာထိခိုက်သေဆုံးမှုမရှိကြောင်း သတင်းတွင် ဖော်ပြပါရှိသည်။ အီရန်ရေတပ်သင်္ဘောများကို ပင်လယ်ဓားပြရန် ကာကွယ်ရန် အေဒင်ပင်လယ်ကွေ့တွင် ဖြန့်ကြက်ထားသည်ဆိုဟုသည်။ **(အင်တာနက်)**

20-5 (04).pmd 1 5/20/2011, 2:50 AM

ကျောဖုံးမှ

ပြည်ထောင်စုဝန်ကြီးက မန္တလေး ရှေးဟောင်းနယ်မြေသို့ လာရောက်လေ့လာသူများအတွက် ပိုမိုစိတ်ဝင်စားဖွယ်ဖြစ်အောင် ခင်းကျင်းပြသမှုအပိုင်းတွင် ရှင်းလင်းချက်များဖြင့် ပူးတွဲဖော်ပြရေး၊ အခင်းအကျင်းအစီအစဉ်ကို စနစ်တကျနှင့် ဆန်းသစ်စွာပြင်ဆင်ပြသရေး၊ ရာသီဥတုဒဏ်နှင့် သဘာဝဘေးအန္တရာယ်များကြောင့် ရှေးဟောင်းလက်ရာများ မပျက်စီးအောင် ကြိုတင်ကာကွယ်ထိန်းသိမ်းရေး၊ အင်ဂျင်နီယာပညာရပ်ဖြင့် ထိန်းသိမ်းခြင်းအပြင် ခေတ်မီဓာတုဗေဒဆေးပစ္စည်းများဖြင့် ထိန်းသိမ်းရာတွင် ရှေးဟောင်းလက်ရာများကို စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရေး၊ သုဓမ္မာဇရပ်တစ်ဆောင်ချင်း၏ပျက်စီးမှုများကို အသေးစိတ်စစ်ဆေးတွက်ချက်ပြီး ဝန်ကြီးဌာနက ပြုပြင်မွမ်းမံခြင်းအပြင် အလှူရှင်များဖိတ်ခေါ်၍ ပြုပြင်ထိန်းသိမ်းခြင်းနည်းကိုပါ ပေါင်းစပ်ဆောင်ရွက်ရေးမှာကြားခဲ့သည်။ မန္တလေးတောင်ခြေရှိ သုဓမ္မာဇရပ်များသည် ယခင်က ၃၃ ဆောင်ရှိပြီး ခေတ်အဆက်ဆက် လေဒဏ်၊ မိုးဒဏ်နှင့် ဒုတိယကမ္ဘာစစ်ဘေးဒဏ်များကြောင့် ၁၄ ဆောင်မှာ ပျက်စီးသွားခဲ့သည်။ လောလောဆယ်တွင် ၁၉ ဆောင်သာ ကျန်ရှိသည်။ မင်းတုန်းမင်းတရားကြီးသည် မန္တလေးတောင်ခြေ သုဓမ္မာဇရပ်ကြီး၌ နယုန်လစာပြန်ပွဲများ ကျင်းပရာတွင် ရဟန်းရှင်လူပရိသတ်များ နားနေကြည်ညိုရန်အတွက် သုဓမ္မာဇရပ်များကို သက္ကရာဇ် ၁၂၂၆ ခုနှစ်က ငွေတော်ထုတ်ပေး၍ တည်ဆောက်ခဲ့သည်။ စာပြန်ပွဲကျင်းပရာ သတ္တဌာန အပါအဝင် သုဓမ္မာ ဆွေဇရပ်ကြီးမှာ ဒုတိယ ကမ္ဘာစစ်အတွင်းက ပျက်စီးခဲ့သည်။ အလားတူ သုဓမ္မာ ဆွေဇရပ်ကြီး၏ မြောက်ဘက်ရှိ သတ္တဌာန အပါအဝင် ပဋ္ဌာန်းဟော ဆွေသိမ်တော်မှာလည်း ဒုတိယကမ္ဘာစစ် အတွင်းက ပျက်စီးခဲ့သည်။

အထူးသဖြင့် မန္တလေးတောင်ခြေရှိ သုဓမ္မာဇရပ်များတွင် မန္တလေးတောင် သာသနာပြု ရသေ့ကြီး ဦးခန္တီက ၁၂၆၇ ခုနှစ်တွင် မန္တလေးတောင်ရှိ သာသနာ့အဆောက်အအုံများ၊ ဇရပ်တန်ဆောင်းများကို ပြုပြင်တည်ဆောက်ခဲ့ရာမှ သုဓမ္မာဇရပ်များ လိုက်နေရာယူ ရေးဆွဲပြသထားသည့်အပြင် အောက်ပိုင်း၌လည်း ဇရပ်ပတ်ပတ်လည်တွင် အခန်းလိုက် ပန်းချီကားများ ချိတ်ဆွဲပြသထားသည်။ သုဓမ္မာဇရပ်တန်းများမှ ဆရာအေး၊ ဆရာမြတို့၏ နိုပါတ်ပန်းချီကားများသည် ပန်းချီကားထိပ်၌ ဇာတ်တော်လာအကြောင်းအရာနှင့် ပန်းချီကားအောက်ခြေတွင် ပန်းချီကားအကြောင်းအရာများ ဖော်ပြထားသည်။ ဆရာမြ၏ ပန်းချီကားများသည် အပေါ်

ကျောက်တော်ကြီးဘုရားအနောက်ဘက် သုဓမ္မာဇရပ်တန်းမှ ဇရပ်တစ်ဆောင်ရှိ နိုပါတ်ပန်းချီဆရာကြီး ဆရာမြ၏ လက်ရာ။

တွင် မြန်မာ့နိုပါတ် ပန်းချီကျော်များ၏ နိုပါတ်တော် ပန်းချီကားများကို နိုပါတ်ပန်းချီဆရာကြီးများထံ အပ်နှံကာ ရေးဆွဲစေပြီးနောက် ချိတ်ဆွဲထားခဲ့သည်။ ထိုခေတ်က မန္တလေးမြို့ရှိ နာမည်ကျော် နိုပါတ် ပန်းချီဆရာကြီးများဖြစ်သော ဆရာအေး၊ ဆရာမြ၊ ဆရာနီတို့၏ ဗုဒ္ဓဝင်ပညာပေး နိုပါတ်တော် ပန်းချီကားများ၊ အလင်္ကာကျော်စွာ နိုပါတ်ပန်းချီ ဆရာကြီးဦးစောမောင်၊ နိုပါတ်ပန်းချီဆရာကြီးဦးချစ်မြဲစသည့်နာမည်ကျော် ပန်းချီဆရာကြီးများ၏ ပန်းချီကားများကို ချိတ်ဆွဲပြသထားခဲ့သည်။

ပျက်စီး

သုဓမ္မာဇရပ်များတွင် ချိတ်ဆွဲပြသထားရာ၌ အပေါ်ပိုင်း၌ အခန်းထိပ်ပိုင်းထောင့်၌ ဆရာမြဟူ၍ နာမည်ကို ထိုးလှေ့ရှိသည်။ ဆရာအေး၊ ဆရာမြတို့၏ ပန်းချီကား အတော်များများသည် လေဒဏ်၊ မိုးဒဏ်နှင့် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးနေပြီဖြစ်သည်။

ဝိုင်းဝန်းထိန်းသိမ်း

အချို့ ကျန်ကောင်းကျန်ရာ နိုပါတ်ပန်းချီကားများကို ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်အတိုင်း ခေတ်မီနည်းများဖြင့် ဆက်လက်တည်တံ့စေရေး ဆောင်ရွက်သင့်သည်။ သုဓမ္မာဇရပ်များမှ အဆိုပါ နိုပါတ်ပန်းချီလက်ရာများသည် နှစ်ပေါင်း ၁၀၀ ကျော် ရှိနေပြီဖြစ်သည်။ ထို့အပြင် မန္တလေးတောင် သမ္ဗုဒ္ဓေစောင်းတန်း၊ မန္တလေးတောင်ပေါ် ဇရပ်တန်ဆောင်းများမှ နိုပါတ်ပန်းချီကားများလည်း ကျန်ကောင်းကျန်ရာ ကျန်ပါသေးသည်။ သမ္ဗုဒ္ဓေရုပ်ပွားတော်မြတ်စောင်းတန်းမှ နိုပါတ်ပန်းချီကားများမှာ အကောင်းပကတိ ရှိပါသေးသည်။ နိုပါတ်ပန်းချီကားများသည် ဗုဒ္ဓဘာသာဝင်ပြည်သူများအား ဘာသာရေး အသိပညာပေးနေသော ရုပ်ပုံကားချပ်များဖြစ်ပါသည်။ ရသေ့ကြီး ဦးခန္တီက သာသနာပြုရာတွင် အမြော်အမြင်ကြီးမားစွာဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် သမိုင်းဝင်လက်ရာများပင်ဖြစ်ရာ ရေရှည်တည်တံ့ရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သင့်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

နိုင်ငံတကာသတင်းပဒေသာ အတိုအထွာ

ဇော်ဦးခိုင် ရေးသားသည်

အသက် ၁၁၄ နှစ်ကျော် ဘရာဇီးအဘွားအို ဂင်းနက်စ်မှတ်တမ်း၌ ကမ္ဘာ့အသက်အရှည်ဆုံးအဖြစ်ဖော်ပြခံရ

ဆောပေါလို မေ ၁၉

ဘရာဇီးအဘွားအိုတစ်ဦး ကမ္ဘာ့အသက်အရှည်ဆုံးအဖြစ် ဂင်းနက်စ်ကမ္ဘာ့မှတ်တမ်းဝင်ခဲ့ကြောင်း မေ ၁၈ ရက်က အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ဘရာဇီးအဘွားအို မာရီယာ ဂွမ်းစီဗယ်လန်တမ်မှာ မေ ၁၈ ရက်တွင် အသက် ၁၁၄ နှစ်နှင့် ၃၁၃ ရက် ပြည့်မြောက်ခဲ့ပြီဖြစ်ရာ ယခင်က ကမ္ဘာ့အသက်ရှည်ဆုံးလူအဖြစ် သတ်မှတ်ခံထားရသည့် ဂျော်ဂျီယာနိုင်ငံမှ အဘိုးအို ဘီစီကူးပါးထက် အသက် ၄၈ ရက် ပိုကြီးနေသူဖြစ်သည်။

စစ်ဆေး

အဘွား ဗယ်လန်တမ်သည် ဘရာဇီးနိုင်ငံ အရှေ့တောင်ပိုင်း မီနာဂျီရိုပြည်နယ်ရှိ ကာရန်ဂိုလာမြို့သူဖြစ်ပြီး မွေးသက္ကရာဇ်မှာ ၁၈၉၆ ခုနှစ် ဇူလိုင်လ ၉ ရက်ဖြစ်ကြောင်း ဂင်းနက်စ်အဖွဲ့က အတည်ပြုစစ်ဆေးခဲ့သည်။

သစ်သီးဝလံများစားသုံး

အဘွား ဗယ်လန်တမ်က သူမ၏အသက်ရှည်ခြင်းမှာ နေ့စဉ်နေ့တိုင်း နံနက်စာအဖြစ် ပေါင်မုန့်တစ်လုံးနှင့် သစ်သီးဝလံများ ပုံမှန်စားသုံးသောကြောင့်ဖြစ်သည်ဟု ဆိုသည်။ မိသားစုဝင်များက ၎င်းတို့၏ အဘွား ယခုလို အသက်ရှည်စွာ နေထိုင်ရသည်မှာ သူမသည် ၎င်း၏ဘဝနေထိုင်မှုကို ကိုယ်တိုင်အမြဲတစေ ဂရုတစိုက်ရှိသူဖြစ်သောကြောင့်ဟု ပြောကြသည်။ ထို့အပြင် အဘွား ဗယ်လန်တမ်၏ ဖခင်ဖြစ်သူလည်း အသက် ၁၀၀ အထိ နေထိုင်သွားခဲ့ရသူဖြစ်ကြောင်း မိသားစုဝင်များက ရှင်းပြသည်။ (အင်တာနက်)

သြစတြေးလျတွင် ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်း မြောင်းဖော်စဉ် ရှေးခေတ်ရွှေဒင်္ဂါးပြားများတွေ့ရှိ ပိုင်ရှင်ထံပြန်ပေးရန် ရဲများစုံစမ်းလျက်ရှိ

ပါ့သ် မေ ၁၉

သြစတြေးလျနိုင်ငံ အနောက်တောင်ပိုင်းကမ်းခြေတွင် ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုအတွင်း ရွှေဒင်္ဂါးပြားများတူးဖော်ရရှိခဲ့ရာ ပိုင်ရှင်အမှန်ကို သြစတြေးလျရဲတပ်ဖွဲ့က စုံစမ်းလျက်ရှိကြောင်း အင်တာနက်သတင်းတွင် မေ ၁၈ ရက်က ဖော်ပြသည်။

တန်ဖိုးရှိ

အဲလ်သာနေဆိပ်ကမ်းမြို့ရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်း ပြီးခဲ့သည့်သီတင်းပတ်က အလုပ်သမားများ မြောင်းတူးစဉ် ရှေးခေတ်ဗြိတိသျှ ရွှေဒင်္ဂါးပြား ၄၀၀ ကျော်ကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ပိုင်ရှင်ထံသို့ ပြန်ရောက်ရှိစေရန် ထိုရွှေဒင်္ဂါးပြားများကို ရဲလက်သို့ လာအပ်ခဲ့ကြောင်း သြစတြေးလျအနောက်ပိုင်း ပြည်နယ်ရဲဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဂျာရီကာ ဆစ်ဒီက ပြောကြားသည်။ ရာဖြတ်တစ်ဦး၏ တန်ကြေးဖြတ်မှုအရ ရွှေဒင်္ဂါးပြားတစ်ပြားမှာ သြစတြေးလျ ဒေါ်လာ ၁၆၀၀၀ကျော် (အမေရိကန်ဒေါ်လာ ၁၇၀၀၀ကျော်) တန်ဖိုးရှိကြောင်း ကာဆစ်ဒီက ဆက်လက်ပြောကြားသည်။

ပြောကြား

ထိုဆောက်လုပ်ရေးလုပ်ငန်းခွင်၏ ကုမ္ပဏီအမှုဆောင်အရာရှိချုပ်က ယင်းဆောက်လုပ်ရေးမြေအတွင်း စေ့စေ့စပ်စပ် ဆက်လက်ရှာဖွေမှုများ ပြုလုပ်ခဲ့သော်လည်း မည်သည့်အရာဝတ္ထုပစ္စည်းမှ ထပ်မံမတွေ့ရှိရကြောင်း ပြောကြားသည်။ **(အင်တာနက်)**

အယ်လ်ခိုင်ဒါထိပ်တန်းဖောက်ခွဲရေးသမား ပါကစ္စတန်တပ်ဖွဲ့ဝင်များ ဖမ်းဆီးမိ

ကရာချိ မေ ၁၉

ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါကစ္စတန်နိုင်ငံတောင်ပိုင်း ကရာချိဆိပ်ကမ်းမြို့အတွင်း အကြမ်းဖက်သမားများအား ပိုက်စိပ်တိုက်ရှာဖွေစဉ် မေ ၁၆ ရက်က ထိပ်တန်းအယ်လ်ခိုင်ဒါ ခေါင်းဆောင်တစ်ဦးကို ဖမ်းမိခဲ့ကြောင်း ပါကစ္စတန်တပ်မတော်က ကြေညာသည်။

ဖော်ပြ

ပါကစ္စတန်တပ်မတော်က မေ ၁၇ ရက်တွင် ကြေညာချက်တစ်ရပ်ထုတ်ပြန်ရာ၌ ကရာချိမြို့မှ မိုဟာမက်အဂီကာတင်ယာကွတ်ခေါ် အဆူ အယ်မာကီဆိုသူ အယ်လ်ခိုင်ဒါထိပ်တန်းဖောက်ခွဲရေးသမားအား ဖမ်းဆီးမိခဲ့ကြောင်း ဖော်ပြထားသည်။ ပဏာမစစ်ဆေးသိရှိချက်အရ အယ်မာကီသည် ယီမင်နိုင်ငံသားတစ်ဦးဖြစ်ပြီး ပါကစ္စတန်နှင့်အာဖဂန်နစ္စတန်နယ်စပ်တစ်လျှောက်တွင် အယ်လ်ခိုင်ဒါခေါင်းဆောင်များ၏ တိုက်ရိုက်ညွှန်ကြားချက်အရ လှုပ်ရှားနေသူဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။ (အင်တာနက်)

မြဝတီရုပ်မြင်သံကြား

၂၀-၅-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၅	၃။	နိုင်ငံတော်သီချင်း
၇:၁၀	၄။	တရားတော်
၇:၁၅	၅။	ဓမ္မပူဇာတေး
၇:၂၀	၆။	မျိုးချစ်တပ်မတော်
၇:၂၅	၇။	မြန်မာ့ရှုခင်း
၇:၃၀	၈။	မြန်မာသံစဉ်ချိုမြိန်ဝင်
၇:၄၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၁၀။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၁၁။	မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀	၁၂။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၅	၃။	နိုင်ငံတော်သီချင်း
၄:၁၀	၄။	အဖွင့်သီချင်း
၄:၁၅	၅။	မျိုးချစ်တပ်မတော်
၄:၂၀	၆။	မဟာဂီတချိုကြည်မြ
၄:၃၀	၇။	မြန်မာစာ မြန်မာစကား (အပိုင်း-၆)
၄:၃၅	၈။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၅	၉။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၅၅	၁၀။	အိုင်စီတီသုတ
၅:၀၀	၁၁။	အားလုံးရဲ့တာဝန်
၅:၁၀	၁၂။	သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀	၁၃။	သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ **ရေအောက်ကမ္ဘာက သက်ရှိသတ္တဝါများ** (အပိုင်း-၁၁)
၆:၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၅။	အမျိုးသားရေးတေးကဗျာ
၆:၃၀	၁၆။	**ရွှ** ဟာသဇာတ်လမ်းတွဲ
၆:၄၅	၁၇။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇:၀၀	၁၈။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငွေတိုက်ပွဲ** (အပိုင်း-၁၀)
၈:၀၀	၁၉။	မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။	အမျိုးသားရေးတေးကဗျာ
	၂၁။	ဒို့တာဝန်အရေး(၃)ပါး
	၂၂။	နိုင်ငံတကာသတင်း
	၂၃။	မိုးလေဝသသတင်း
	၂၄။	စိုက်ပျိုးသုတ
	၂၅။	သံစဉ်များနှင့်ကမ္ဘာ
	၂၆။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
	၂၇။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၈။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပေါင်မုန့်အချစ် အိပ်မက်လေးရယ်** (အပိုင်း-၁)
	၂၉။	ကမ္ဘာ့တစ်ခွင်ခရီးစဉ်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၅-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**ဉာဏ်နှင့်ဆပ်မှ ကြွေးကျေရ** တရားတော် (ဆရာတော် ဓမ္မဒူတအရှင်ပညာဝရ)
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၉)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၆၇)
၈:၄၅	Activities in the City -ယဉ်ကျေးမှုဝန်ကြီးဌာန၏ (၅၉)နှစ်မြောက် အထိမ်းအမှတ်အခမ်းအနား -Earth Group of Companies Showroom ဖွင့်ပွဲ
၉:၁၀	ကိုယ်ပိုင်ဟန်ဖက်ရှင် (ဖန်စီလက်ကောက်၊ ဆွဲကြိုး၊ နားကပ်လေးတွေလုပ်ကြရအောင်)
၉:၃၀	Movie Talk (ရုပ်ရှင်စကားဝိုင်းအညွှန်း) (အပိုင်း-၅)
၁၀:၀၀	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ ဒေါက်တာ နိုက်တင်ဂေးနှင့် ဆွေးနွေးခန်း
၁၀:၁၀	လှပသစ်ဆန်းအလှပြင်ခန်း (IRIS Hair Style & Beauty Treatment Center)
၁၀:၃၀	ဖက်ရှင်လမ်းညွှန် (ခေတ်စားနေဆဲ ဇာဖက်ရှင်)
၁၁:၀၀	သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင် ချောရတနာ နှင့် တွေ့ဆုံခြင်း)
၁၁:၃၀	ဆေးလိပ်ဖြတ်ပွဲအခမ်းအနားနှင့် အသည်းခြောက်ရောဂါ (အပိုင်း-၂) [ပါမောက္ခ ခင်မောင်ဝင်း (အသည်း)]
၁၁:၅၀	MRTV -4 ကာတွန်းအစီအစဉ်
၁၂:၂၀	Activities in the City (ဝေ့ဌာနီ မြန်မာပြည်ကိုယ်စားလှယ်ရုံး ဖွင့်ပွဲအခမ်းအနား)
၁၂:၃၅	နေပြည်တော်သို့တစ်ခေါက် Mr. Waffic သို့ အရောက်
၁:၀၀	**ဉာဏ်နှင့်ဆပ်မှ ကြွေးကျေရ** တရားတော် (ဆရာတော် ဓမ္မဒူတအရှင်ပညာဝရ)
၂:၀၀	MRTV-4 သတင်း
၂:၂၀	Style ရှိမှ Star ဖြစ်မယ်
၃:၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း -၉)
၄:၀၅	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၆၇)
၄:၅၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **တင့်တောင့်တင့်တယ် တူတူတန်တန်**
၅:၂၅	MNL Preview
၆:၀၀	MRTV-4 သတင်း
၆:၂၀	Napa အကိုက်အခဲပျောက်ဆေး ကြော်ငြာရိုက်ကွင်း အမှတ်တရ
၆:၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း -၁၀)
၇:၂၀	The Champion of Dance
၈:၀၀	MRTV-4 သတင်း
၈:၃၀	VJ Choice
၉:၀၀	အနုပညာမိုးကောင်းကင်
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၆၈)
၁၀:၁၅	ဖန်တီးသူနှင့်အနုပညာ (ချစ်သုဝေ) (အပိုင်း-၂)
၁၀:၄၅	**ရွှေဖြူ** ဟုခေါ်သည် (အပိုင်း-၂)
၁၁:၀၅	World of Knowledge (Smart Tunnel)
၁၁:၅၅	ကမ္ဘာနှင့်ယှဉ် ရင်ပေါင်တန်း မြန်မာ့သားရေထည်ရဲ့အစွမ်း
၁၂:၀၅	လှုပ်ရှားစုံစုံ မြန်မာ့သုခမဇာတ်ခုံ **သစ္စာမေတ္တာရွှေမန်းသဘင် တင်မောင်ဆန်းမင်းဝင်း** (အပိုင်း-၂)
၁၂:၃၀	Man And The Elephant (အပိုင်း-၂)
၁:၀၀	ဒို့တိုင်းဌာနီ ရောဝတီ မြန်မာ့စပါးကျီ (သို့မဟုတ်) ရောဝတီ
၁:၁၅	ညောင်ဇင်ရွာတစ်ထောက်နား စားဖွယ်ကများ
၁:၃၀	နယ်ဥဆန်းထွင် ပန်းအလှဆင် ("L" ပုံသဏ္ဌာန်ပန်းအိုးထိုးနည်း)
၁:၅၅	အမြင်ဆန်းတင့် သပ်ရပ်ခံ့ထည် အလှဆင်မယ်
၂:၀၀	ဖန်ဆင်းရေးခြယ် လက်ရာအသွယ်သွယ်
၂:၄၀	ထူးထူးခြားခြား သစ်ခေါက် ပန်းချီကား
၃:၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၀	လယ်တီသာသနာ လယ်တီကျောက်စာ
၄:၃၀	မြန်မာ့ဂုဏ်ကိုဆောင်စေကြောင်း မြန်မာ့တူရိယာစောင်း
၄:၃၅	စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ မဟာစည်သာသနာ့ရိပ်သာ
၄:၄၅	သာသနာပျိုးခင်း

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား တရုတ်ဖွံ့ဖြိုးရေးဘဏ် ယူနန်ဘဏ်ခွဲဉက္ကဋ္ဌနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၉

b@ma&;ESifhcGefcefu;Dme jynfxmip0efu;D 0;DvSxGef;t m; w½kwfjynfbloreEdifHw½kwf zGHh&a&;bPf ,leefbPfcGJOu| Mr. Deng Ting Duo ESifhtzGJ0ifrsm;onf ,aeYeHuf ydkifwGif aejynfawmf&Sd 0efu;D {nfhcefrü vma&muf awGqHkMunf (အပေါ်ပုံ)

xdktawGqHkwGif b@ma&;ESifhaiGa&;ausm;a&;qdkif&m ylaygif;aqmif&Gufa&;udpö&yfrsm;udk aqG;aEG; ñdEdIif;Munf owif;&&Sdonf (သတင်းစဉ်)

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် စက်မှုဇုန်များရှိ မော်တော်ယာဉ်ထုတ်လုပ်သည့် လုပ်ငန်းရှင်တို့၏ တွေ့ဆုံပွဲကို အမှတ်(၂)စက်မှုဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပစဉ်။ (owif;p0f)

အလုပ်သမားဝန်ကြီးဌာန ဝန်ထမ်းများ၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် မှလက်ခံ၍ တက္ကသိုလ်အဆင့်အထိ ပညာသင်ကြားနေကြသော အလုပ်သမားဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ သားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးများကို တာဝန်ရှိသူများထံ ပေးအပ်စဉ်။ (owif;p0f)

နေပြည်တော် မေ ၁၉

2011-2012 cEpfynmoif EpftwGuf tvkyform;0efu;DXmerS 0efxrf;rsm;\ om;orD;rsm;t m; ynmoifaxmufyHhaMu; ay;tyfjcif; tcrf;tem;udk ,aeYeHuf 9 em&DwGif aejynfawmf&Sd tvkyform; 0efu;DXme pa0;cefrü usif;y&m tvkyform;0efu;DXmeESifh 0efxrf; u,fq,fa&;ESifh jyefvnfae&mcsxm;a&;0efu;DXme jynfaxmif 0efu;D OD;atmifMunf rSwfwrf;rS wuúodkvftqifhtxd ynmoif Munfaeaom tvkyform;0efu;D XmerS 0efxrf;rsm;\ om;orD;rsm; twGuf ynmoifaxmufyHhaMu; aiG&yf10655500 udk ouf qdkif&m 0efxrf;rsm;odkY tzGJ aumfrwDOuú| ñTefMum;a&;rSL;csKyfrsm;xHodkY ay;tyf cJhonf[k owif;&&Sdonf (သတင်းစဉ်)

ဈေးသန့်ရှင်းရေး စုပေါင်းဆောင်ရွက်

မြန်အောင် မေ ၁၉

jrefatmifrdK@e,f pnfyifom,ma&;tzGJ\ OD;aqmifrIjzifh aps;wGif tzGJ0ifrsm;? aps;aumfrwDESifh aps;olaps;om;rsm; payg;if;í ar 12 &ufu oefY&Sif;a&;aqmif&Gufa&;udk pkaygif; aqmif&GufcJhonf (မြို့နယ်စည်ပင်)

ဘီးတပ်ကုလားထိုင်များ လှူဒါန်း

နေပြည်တော် မေ ၁၉

Latter Day Saint Charities rSvSL'gef;aom u,fq,fa&;ESifh jyefvnfae&mcsxm;a&;0efu;DXme vSL'gef;aom 0if;DXmeü toHk;jyK&ef twGufbD;wyfukvm;xdkif tpD;50 ay;tyfvSL'gef;yGJudk ,aeYeHuf 10 em&DwGif aejynfawmf&Sd qdkif0efu;DXHtpnf;ta0;cefrü usif;y onf

ပြန်လည်ပေးအပ်

a&SOD;pGm Latter Day Saint Charities rS Country Director Mr. Dale Gilman Simpson Jr u vSL'gef;&jcif;taMumif;ESifhpyfvsOf;í &Sif;vif;wifjyí bD;wyfukvm;xdkif tpD;50 udk ay;tyfvSL'gef;&m vufcH 0efxrf; u,fq,fa&;ESifh jyefvnfae&mcsxm;a&;0efu;DXme 'kwd,0efu;D 0D;'efaqG vufcHí (အောက်ပုံ) *Pf;y'grSwfwrf;vTm jyefvnfay;tyf onf

Latter Day Saint Charities tzGJonf 2005 cEpfrSpí jref m EdkifiHtwGif ud,f*Fg oef;pGrf;ol rsm; toHk;jyKEdkif&ef twGuf bD;wyfukvm;xdkif rsm; vSL'gef;cJh&m ,ckt&ufxdtxd pkpkaygif; 1375 pD; vSL'gef;cJhNyD jzpfonf

ဖြန့်ဖြူးပေးလျက်ရှိ

tqdkygbD;wyfukvm;xdkifrsm;udk vSL'gef;cHcJh&aom 0efxrf;rsm;onf ud,f*Fg oef;pGrf;olrsm;xHodkY qufvufjzefYjzL;ay;vsuf&SdaMumif; od&Sdonf (သတင်းစဉ်)

နိုင်ငံတော်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားရေးတာဝန်အဖြစ်ခံယူ ကိုယ်ကျိုးစီးပွားနှင့် အမျိုးသားအကျိုးစီးပွားကို ချိန်ဆမျှတစွာ လုပ်ကိုင်

aejynfawmf ar 19

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် စက်မှုဇုန်များရှိ မော်တော်ယာဉ်ထုတ်လုပ်သည့် လုပ်ငန်းရှင်တို့၏ တွေ့ဆုံပွဲကို မေ ၁၉ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဉက္ကဋ္ဌ အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးမျိုးအောင်၊ ကော်မတီအဖွဲ့ဝင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် စက်မှုဇုန်များတွင် မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်နေသည့် လုပ်ငန်းရှင် ၂၃၈ ဦးတို့ တက်ရောက်ကြသည်။

ရည်ရွယ်ချက်

a&SOD;pGm jynfaxmif0efu;D 0D;pdk;odef; u pufrIvkyfief; zGHhNzdK; wdk;wuf&;aumfrwDzGJUpnf;&jcif;\ &nf&G,fcsufrSm vkyfief;wm0efrsm;? EdkifiHwmf\ pufrI@ zGHhNzdK;wdk;wuf a&;twGuf pufrIZkef (18)Zkefudk zGJUpnf;wnfaxmifay;cJhonf&nf&G,f csuf 2001 cEpfrSpí armfawmf ,mOfxkwfvkyfI enf;ynm&&Sdap a&;twGuf jynfwGif;armfawmf,mOf xkwfvkyfolvkyfief;t m; pwif aqmif&GufapcJhonfh&nf&G,fcsuf rsm;udkarh ysmufap&ef ESifh taumif txnfazmf&ef wdkYwdrSm;onf

အမျိုးသားရေးတာဝန်

qufvufí pufrIZkefrsm;&Sd vkyfief;&Sifrsm; taejzifh aps;uGuf pD;yGm;a&;t EdkifiHwmf a&&Snf rwfwfuhtaqmif&Gufay;oG;rnf jzpfaMumif;&Sif;vif;ajym;ay;onf zGHhNzdK;wdk;wuf a&;? jynfolrsm;\ b0 jrifhrm;a&;wdkYtwGuf rsdK;a&; wm0ef jzpfcHI aqmif&Gufoif;&ef rdrdudk,fusdK;pD;yGm;ESifh trsdK;om; tusdK;pD;yGm;udk csdefqrQwpGm aqmif&Gufoif;&efvnf; wdkufwGef; rSmMum;cJhonf

ဆွေးနွေး

xdkYaemuf 'kwd,0efu;D 0D;rsdK;atmifu EdkifiHwumwGif aqmif&Gufvsuf&Sdaeonfh armfawmf ,mOf xkwfvkyfHenf;pepfrsm;? jynfwGif; aqmif&Gufoif;onfh armfawmf,mOfxkwfvkyfHrIpDrHcsufrsm; ESifhaemif tem*wfü twGuf pufrIZkef rsm;rS armfawmf,mOfxkwfvkyfESifh ywfoufí aqmif&Gufoif;rnfh tpD tpOfrsm;udk aqG;aEG;ajymMum;cJhaMumif; owif;&&Sdonf (သတင်းစဉ်)

ကူညီဆောင်ရွက်

EdkifiHwmf\ pufrI@zGHh wdk;wufvmapa&;ü y*¾vdursm;\ xkwfvkyfaqmif&Gufcsuftcef;u@ onfta&;ygonfhae&mwGifyg0if aeonfhtwGuf y*¾vdu pufrI@ wdk;wufvmap&efaumfrwDaejzifh qyfukumfwDrsm;tm; xyfrHzGJUpnf; oGm;rnfjzpfí vdktyfonfh enf;ynm? aiGa&;ausm;a&;ESifhtjcm;vdktyfonfh tultnDrsm;ay;&efwdkYwGif wpdkuf



မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် မေ ၁၉

2011 cESfrEav;wdkifa'oBu;D0efu;DcsKyfzvm; rdkuf,fygifpH tousf(19)ESpfatmuftrsdK;om;abmvHk;ydkfyGJAdkvfvkyGJESifhqcsD;jrifhyGJ tcrf;tem;udkar 12&ufnae 4 em&DrEav;rdKUAxkdvabmvHk;uG if;ü usif;y&m jrpfom;rdk,ftoif;u tr&yl;rdk,ftoif;ud Esifh- wpf*dkzjzifh tEdkif&&Sdvdkuf½Gonf

qufvuf qcsD;jrifhyGJudkusif;y&m 'wd,q&&Sdom tr&yl; rdk,ftoif;yxrq&&Sdom jrpfom;rdk,ftoif;ae&mtvdkuf tausm;ifqHm;upm;orm;qrm;ESifhyGJwpfvHk;tusm;ifqH tm;upm;orm;q&&Sdaom tm;upm;orm;rsm;tm; qwHqyfESifhqaiG rsm;udkjynfe,f0efu;DrsmESihfrEav;rdkawmf0ef pnfyifom,ma&;&m 0efu;DXme 0efu;Dwdkif wpf0D;csif;ay;tyfcsD;jrifhuonf

ပေးအပ်ချီးမြှင့်

xdkYaemuf rEav;wdkifa'ouD;0efu;DcsKyf0D;rifh yxr&&Sdonfhaom jrpfom;rdk,ftoif;tm; yxrwHcGefpdkufqzvm;udkay;tyf csD;jrifhcJhonf owif;&&Sdonf (သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် ပထမဆု ရရှိသော မြစ်သားမြို့နယ်အသင်းအား ပထမတံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်စဉ်။ (owifp0f)

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေအား အမေရိကန်သံရုံး ယာယီတာဝန်ခံ လာရောက်တွေ့ဆုံ

ရန်ကုန် မေ ၁၉

rauG;wdkifa'ouD;0efu;DcsKyf0D;bkef;arm f&T m; jynfaxmifpkor®wjrefrmEdkifiHwGif;&Sd tar&duef jynfaxmifpkoHH;, ,m,D0ef;cHMr.Larry M. Dinger onfar 10 &ufeHuf10 em&DwGif wdkifa'ouD; 0efu;DcsKyf\ {nhfcef;rü vma&muf awGUqHkcJhonf owif;&&Sdonf (အပေါ်ပုံ) (သတင်းစဉ်)

ဝက်နားရွက်ပြာ ရောဂါအကြောင်း ရေးမြို့၌ ပညာပေးဟောပြော

ရေး မေ ၁၉

rGefjynfe,f a&;rdk,f arG;jrLa&; ESifhu oa&;0ppD;Xmeu usif;yaom 0uf em;&GufjymA a&m*gtaMumif; todynmay; a[majymyGJtcrf; tem;udkar 14 &ufu a&;rdk,f tabmfus;&mG arG;jrLa&;Zefi usif;yonf

ရှင်းလင်းပြောကြား

tcrf;tem;wGifarmfvrdkifc½dkif 0ppDS a'gufwmoef;oef;&D trSpum;ajymMum;yD;qufvuf rdk,f0ppD&m&Sd a'gufwmapmlunf u 0uf em;&GufjymA a&m*gtaMumif; oduif;p&mrsm;&Sifvif;ajymMum; cJhumif; o&&Sdonf (အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

သံဖြူဇရပ်မြို့နယ်၌ ပိုလီယိုကာကွယ်ဆေး တိုက်ကျွေး

သံဖြူဇရပ် မေ ၁၉

a'otvdkuftrsdK;om;umuG,faq;wdkufaeY 2011 tpDtpOft& oHjzLZ&yfrdk,ftwGif; toufig;ESpfatmufuav;i,frsm;tm; yd vD,dkumuG,faq;wdkufu½;jcif; tcrf;tem;udkar 14 &ufeHuf 7 em&D oHjzLZ&yfrdkatmifZ, &yfuGuf tyfcsyfa&;rSL;½Hk;&Si usif;y&m a&SUpDpGJrdk,ftyfcsyf a&;rSL; 0Drmifrmif EShrdk,f uefrma&;0ppDXme0ppDS a'gufwm ok&wdeY umuG,faq;wdkufaeY usif;y&jcif;ESifhpyfvsOfí trSpum;ajymMum;yD;rdk,ftyfcsyf a&;rSL;u tcrf;tem;udkzGifhvSpfay;onf (အောက်ခံပုံ)

တိုက်ကျွေး

